
# ကျွန်မရဲ့ ကလေးကို နို့တိုက်တဲ့အခါ နို့ငုံကောင်းအောင် ဘယ်လိုလုပ်ရမလဲ။




၁။ ကလေးရဲ့ နှာခေါင်းကို မေမေ့ရဲ့ နို့သီးခေါင်းနဲ့ တစ်တန်းထဲဖြစ်အောင် ထားပါ။

၂။ ကလေးရဲ့ ပါးစပ်ကို နို့သီးခေါင်းနဲ့ ထိလိုက်ပါ။

၃။ ကလေးရဲ့ ပါးစပ်အကျယ်ကြီး ပွင့်လာရင် ကလေးရဲ့လည်ဂုတ်ကနေထိန်းကိုင်ပြီး ကလေးကို မေမေ့ရင်သားဆီသို့ ဆွဲယူလိုက်ပါ။

၄။ ကလေး နို့ငုံမိပြီဆိုရင် နို့ငုံမှုကောင်းတဲ့ လက္ခဏာ ၄ ခုရှိမရှိ စစ်ဆေးပါ

# ကျွန်မရဲ့ကလေး နို့ငုံမှု ကောင်းကြောင်း ဘယ်လိုသိနိုင်မလဲ။

၁။ ကလေးရဲ့ မေးစေ့က မေမွေ့ရင်သားနဲ့ ထိကပ်နေရမယ်။

၂။ မေမွေ့ရင်သားမှာရှိတဲ့ အမည်းကွင်းကို အပေါ်ဘက်မှာ ပိုတွေ့ရမယ်။

၃။ ကလေးရဲ့ အောက်နှုတ်ခမ်းက အပြင်ဘက်ကို လှန်နေမယ်။

၄။ ကလေးရဲ့ ပါးစပ်က ကျယ်ကျယ်ဟပြီး ကလေးက မေမွေ့ရင်သားနဲ့ နီးကပ်စွာရှိနေရမယ်။